ဝါတွင်းဒုတိယတနင်္ဂနွေနေ့ ဖေဖော်ဝါရီ ၂၅ ၂၀၂၄

မာကု ၉း ၂–၁၀

ဒီကနေ့ဖတ်ရှုရတဲ့ကျမ်းချက်များက အထူးသဖြင့် ဒီဝါတွင်းကာလမှာ ကျွန်ုပ်တို့ကို ပြောင်းလဲခြင်းနဲ့ပတ်သက်ပြီး ကျွန်ုပ်တို့ကို စိန်ခေါ်တဲ့ကျမ်းချက်များဘဲ ဖြစ်ပါတယ်။ ဆိုလိုတာက– ကျွန်ုပ်တို့ရဲ့ အသက်မဝင်တဲ့ ဝိညာဉ်ရေးရာအသက်တာကို သက်ဝင်လှုပ်ရှားတဲ့ ခရစ်ယာန်ဘဝအသက်တာအဖြစ်သို့ ပြောင်းလဲသွားရမှာဖြစ်ပါတယ်။ ဘယ်လိုဖြစ်နိုင်မှာလဲ။ ဘုရားရဲ့ကျေးဇူးတော်နဲ့ပေါင်းစပ်ပြီးတော့ ဆုတောင်းခြင်း၊ ဝါရှောင်ခြင်း၊ လိုအပ်သူများကို ပေးကမ်းစွန့်ကြဲခြင်း အားဖြင့် ဝိညာဉ်တော်နဲ့ပူးပေါင်းပြီး လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဘာကိုကျွန်ုပ်တို့မျှော်လင့်ပါသလဲ။ ဝါတွင်းကာလမှာ ကျွန်ုပ်တို့ရဲ့ ဝိညာဉ်ရေးအသက်တာ ပြန်လည်သစ်လွင်လာခြင်း၊ ဝိညာဉ်တော်ဘုရားရဲ့ကျေးဇူးတော်နဲ့ ပြည့်ဝတဲ့အသက်တာ ဖြစ်လာပြီး ဘုရားရဲ့မေတ္တာတော်နဲ့သနားခြင်းအလင်းကို ကျွန်ုပ်တို့ အသက်ရှင်နေထိုင်တဲ့ဝန်းကျင်မှာ ထွန်းလင်းတောက်ပစေရမှာ ဖြစ်ပါတယ်။

၁) မစ္ဆားပူဇော်ခြင်းမှာ <u>transubstantiation</u> လို့ခေါ်တဲ့ မုန့်နဲ့စပျစ်ရည်ကနေ သခင်ဘုရားရဲ့အသွေးတော်အသားတော်အဖြစ်ကို ပြောင်းလဲသွားခြင်းဟာ ကျွန်ုပ်တို့ရဲ့ခွန်အား ဖြစ်ပါတယ်။ မစ္ဆားပူဇော်ခြင်းတိုင်းမှာ ပလ္လင်မုန့်နဲ့စပျစ်ရည်ဟာ ကားတိုင်တော်ပေါ်က မိမိကိုယ်ကိုပူဇော်ပြီး သေခြင်းမှရှင်ပြန်ထမြောက်တော်မူခဲ့တဲ့ အသက်ရှင်တော်မူသော ခရစ်တော်ဘုရားရဲ့အသွေးတော် အသားတော်အဖြစ်ကို ပြောင်းလဲသွားပါတယ်။ ခရစ်တော်ဘုရားရဲ့ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းဟာ စုံစမ်းနှောက်ယှက်ခြင်းအချိန်မှာ တမန်တော်ကြီးများကို အားပေးသလို၊ မစ္ဆားတရားတော်တိုင်းဟာလည်း ကျွန်ုပ်တို့အတွက် စုံစမ်းခြင်းကိုအောင်နိုင်ဘို့နဲ့ ဝါတွင်းကာလမှာ မိမိကိုယ်ကို

အသစ်ပြုပြင်ဘို့အတွက် ကောင်းကင်နှင့်ဆိုင်သောခွန်အား ဖြစ်ပါတယ်။
ဒါ့အပြင် အသက်ရှင်တော်မူသော ကိုယ်တော်နှင့်အတူတကွရှိနေခြင်းဟာ
နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့ရဲ့အဆင်းသဏ္ဍာန်ပြောင်းလဲဘို့အတွက်၊
ကျွန်ုပ်တို့ရဲ့စိတ်နှလုံးစိတ်ဝိညာဉ်ပြောင်လဲဘို့အတွက်
အကြောင်းရင်းဖြစ်စေရမှာ ဖြစ်ပါတယ်။ သို့မှာသာ ကျွန်ုပ်တို့ဟာ နှိမ့်ချခြင်းနဲ့
ကိုယ်ကျိုးမငဲ့တဲ့ အမျှားကိုအစေခံတဲ့အသက်တာမှာ
ပို့ပြီးကောင်းသောအရာများကို လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

၂) စက္ကရင်မင်တူးထဲက တပါးပါးကို ခံယူတဲ့အခါတိုင်းအခါတိုင်း ကျွန်ုပ်တို့ဟာ
အဆင်းသဏ္ဍာန်ပြောင်းလဲသွားပါတယ်။ ဥပမာ– ဆေးကြောခြင်းမင်္ဂလာဟာ
ကျွန်ုပ်တို့ကို ဘုရားရဲ့သားသမီးအဖြစ်၊
ဗကာင်းကင်နိုင်ငံတော်ရဲ့အမွေစားအမွေခံဖြစ်စေပါတယ်။
ခရစ်မားအားပေးခြင်းဟာ ကျွန်ုပ်တို့ကို
သန့်ရှင်းသောဝိညာဉ်တော်ရဲ့ဗိမာန်တော်နဲ့ ဘုရားအတွက်
စစ်သည်တော်ဖြစ်စေပါတယ်။ အာပတ်ဖြေခြင်း စက္ကရင်မင်တူးအားဖြင့်
အပြစ်ရဲ့လမ်းပေါ်ကနေ
သန့်ရှင်းဖြောင့်မတ်ခြင်းလမ်းပေါ်ကိုပြန်ရောက်အောင် ဘုရားက ကျွန်ုပ်တို့ကို
ပြန်လည်ပို့ဆောင်ပါတယ်။ အဲဒါကြောင့် စက္ကရင်မင်တူးများအားဖြင့်
ကျွန်ုပ်တို့ဟာ အဆင်းသဏ္ဍာန်ပြောင်းလဲသွားခြင်းဖြစ်ပါတယ်။

၃) သခင်ဘုရားရဲ့အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းဟာ ကျွန်ုပ်တို့အတွက်
ခွန်အားကိုရရှိစေခြင်းနဲ့ မျှော်လင့်ခြင်းကို ပေးတဲ့ သတင်းစကားဖြစ်ပါတယ်။
စိတ်ဇဝေဇဝါဖြစ်တဲ့အချိန်၊ စိတ်ပျက်အားငယ်ခြင်းနဲ့ မျှော်လင့်ခြင်းမရှိတော့တဲ့
အမှောင်ထုနဲ့ဖုံးနေတဲ့အချိန်၊ ကောင်းကင်နိုင်ငံတော်မှာ ကျွန်ုပ်တို့တွေ
အဆင်းသဏ္ဍာန်ပြောင်းလဲကြရမယ်ဆိုတဲ့အတွေးက ဘုရားဆီကိုရောက်ဘို့နဲ့
ဘုရားရဲ့နှုတ်ထွက်စကားဖြစ်တဲ့ ဤသူသည် ငါနှစ်သက်မြတ်နိုးရာ
ငါ၏ချစ်သားပေတည်း (ငါ၏ချစ်သမီးပေတည်း) ဆိုတာကို
ကြားနိုင်ဘို့အတွက် အထောက်အကူဖြစ်စေပါတယ်။ ဝါတွင်းကာလ ချိုးခြိုးခြင်း၊
ဝါရှောင်ခြင်း၊ ဂရုဏာရေးလုပ်ငန်းတွေမှာပါဝင်ခြင်းဖြင့်၊

နေ့စဉ်နှင့်အမျှကျွန်ုပ်တို့ရဲ့လက်ဝါးကားတိုင်ကို ထမ်းခြင်းဖြင့်၊
ကိုယ်တော်ပိုပြီးနီးစပ်လာကြရမှာဖြစ်ပါတယ်။ နောက်ဆုံး
ကိုယ်တော်ရဲ့ဘုန်းတော်ဂုဏ်တော်ဖြစ်တဲ့ ရှင်ပြန်ထမြောက်ခြင်းမှာ
ကျွန်ုပ်တို့လဲကိုယ်တော်နှင့်အတူ အဆင်းသဏ္ဍာန်ပြောင်းလဲကြရမှာ
ဖြစ်ပါတယ်။

၄) ကျွန်ုပ်တို့ဟာ မြင့်သောတောင်ပေါ်နဲ့ပတ်သက်တဲ့အတွေ့အကြုံကို
လိုအပ်ပါတယ်။ ပေတရု၊ ယာကုတ်နဲ့ယောဟန်တို့ဟာ ဝါတွင်းကာလမှာ
ဆုတောင်းခြင်းအတွက် အချိန်ပိုကို အသုံးပြုကြတယ်လို့ ကျွန်ုပ်တို့
ပြောနိုင်ပါတယ်။ ကိုယ်အတိုင်းအတာ၊ ဒါမှမဟုတ် ကိုယ့်ခံနိုင်ရည်အားနဲ့ကိုယ်
ဝါရှောင်ခြင်းဟာ (များစွာသောသူများအတွက် တရက်တာဝါရှောင်ခြင်းဟာ
ဝိညာဉ်ရေးဆိုင်ရာခွန်အားကို တိုးပွားစေပါတယ်။
ဝိညာဉ်ရေးဆိုင်ရာခွန်အားတွေဟာ ပိုပြီးမြင့်မား နက်ရှိုင်းတဲ့
ဘုရားနဲ့ဆိုင်တဲ့အကြောင်းအရာများ သာမန်အတွေးအမြင်ထက်
မြင့်မားသောအရာများကို တွေးခေါ်စဉ်းစား သိမြင်စေပါတယ်။
ခံစားရတဲ့ဆာလောင်ခြင်းဟာ ဘုရားနဲ့အဆက်အသွယ်လုပ်ဘို့
ပိုပြီးတွန်းပို့ပေးပါတယ်၊ ဆာလောင်နေသူများကို ပိုပြီး
ထောက်ပံ့ကူညီလိုတဲ့စိတ် စေတနာကို ဖြစ်ပေါ်စေပါတယ်။ နေ့စဉ်နှင့်အမျှ
ခံထမ်းရတဲ့ ကျွန်ုပ်တို့ရဲ့ ကားတိုင်များဟာလည်း ကျွန်ုပ်တို့ကို
ရှင်ပြန်ထမြောက်ခြင်းနဲ့ပတ်သက်တဲ့ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းဆီကို
ဦးဆောင်သွားမှာ ဖြစ်ပါတယ်။

၅) ကျွန်ုပ်တို့ရဲ့ဘဝအသက်တာမှာ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းကို
လိုအပ်ပါတယ်။ ပြန်လည်သင့်မြတ်ခြင်းကိုရှာဖွေရမယ်။ ကျွန်ုပ်တို့ကို
မုန်းတီးသောသူများအတွက် ဆုတောင်းပေးရမယ်။ ပြန်လည်ပေးဆပ်ခြင်းကို
မမျှော်လင့်ဘဲ လိုအပ်သူများ ချို့တဲ့သူများကို ပေးလှူရမယ်။ သူတပါးအား
စီရင်ဆုံးဖြတ်ခြင်းကိုလည်း ရှောင်ကြဉ်ရမယ်။ ကျွန်ုပ်တို့ကို
မကြိုက်မနှစ်သက်တဲ့သူတွေကိုလည်း
နည်းလမ်းရှာပြီးပေါင်းသင်းရမှာဖြစ်ပါတယ်။ ဒီ

အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းဟာ သူ့တပါးနဲ့ဆက်ဆံတဲ့အခါမှာ
ပြင်းထန်တဲ့စကားလုံးများကို ရှောင်ရှားပြီး မေတ္တာကို
လွှမ်းမိုးကြီးစိုးစေပါတယ်။

၆) အို့ဘုရားသခင်– ကျွန်ုပ်ရဲ့ပြောင်းလဲခြင်းအားဖြင့်
ကိုယ်တော်ထံသို့ပြန်လှည့်လာစေတော်မူပါ။ ကိုယ်တော်မြင်စေသကဲ့သို့
ကျွန်ုပ်၏အသက်တာကို ပြန်လည်မြင်စေတော်မူပါ။
ကျွန်ုပ်၏အတွေးအခေါ်နှင့် အလိုဆန္ဒကို ကိုယ်တော်၏အလိုတော်နှင့်
လိုက်လျောညီထွေအောင်ပြုတော်မူပါ။ ကိုယ်တော်၏ရှေ့တော်သို့ ကျွန်ုပ်ကို
ခေါ်ဆောင်တော်မူပါ။ အလိုတော်အတိုင်း ကျွန်ုပ်၏အဆင်းသဏ္ဍာန်ကို
ပြောင်းလဲစေတော်မူပါ–ဘုရား–အာမင်။